ကာတွန်း ငွေးဝင်းဇော် ရေးဆွဲသည်

ဖတ်ပါ မှတ်ပါ ဆေးခြယ်ပါ

# ဥရပြာမင်္ဂလာ

ဆေးရောင်ခြယ်စာအုပ်



mgyoe.com
mgyoe.com

ဖတ်ပါ မှတ်ပါ ဆေးခြယ်ပါ

# ဥရဖြာမင်္ဂလာ

ဆေးရောင်ခြယ်စာအုပ်

ကာတွန်း
ငွေးဝင်းဇော်
ရေးဆွဲသည်



ISBN 9789997112194
HWZ5
9 789997 112194
1,000.00KS

mgyoe.com

mgyoe.com

mgyoe.com

# မင်္ဂလာကဗျာ

လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့၊ မမှီဝဲနဲ့ ကင်းအောင်နေ
ပညာရှိကို အရှည်တွဲလို့၊ မှီဝဲဆည်းကပ် နည်းယူစေ
သုံးပါးရတနာ မိဘများနှင့်၊ ဆရာသမားကို ပူဇော်လေ
ချမ်းသာကိုပေး ဆက်ဆံရေး၊ မျှော်တွေး သုံးချက်ပေ
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ ။

ကုသိုလ် ပညာ ဥစ္စာရဖို့၊ သင့်ရာဒေသ အမြဲနေ
ရှေးကတင်ကြို ပြုခဲ့ဖူးသည့်၊ ကောင်းမှုအထူး ရှိပါစေ
မိမိကိုယ်ကို ကောင်းအောင်ထိန်းလို့၊ မတိမ်းစေနဲ့ ဆောက်တည်လေ
ဥစ္စာကိုပေး နေထိုင်ရေး၊ မျှော်တွေး သုံးချက်ပေ
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ ။

တတ်ကောင်းတတ်ရာ ဟူသမျှကို၊ ကြားမြင်သုတ ရှိပါစေ
အိုးအိမ်တည်ထောင် ဝမ်းစာရေးနဲ့၊ အသက်မွေးဖို့ အတတ်သင်လေ
လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို၊ ကောင်းစွာသင်ကြား နားလည်စေ
မှန်ကန်ယဉ်ကျေး ချိုသာအေး၊ ဆိုရေးတတ်ပါစေ
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ ။

မြင်းမိုရ်ရွှေတောင် မိဘကျေးကို၊ ကောင်းစွာဆပ်ပေး ဝတ်ကျေကျေ
ကြွေးသစ်ချကာ သားနဲ့မယား၊ မြောက်စားချီးမြှင့် ဝတ်ကုန်စေ
အလုပ်တာဝန် မလစ်ဟင်းနဲ့၊ အပြစ်ကင်းအောင် လုပ်ပါလေ
စည်းစိမ်ကိုပေး ပြုစုရေး၊ မျှော်တွေး သုံးချက်ပေ
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ ။



သုံးတန်စေတနာ ဖြူစင်လန်းလို့၊ ပေးကမ်းဝေမျှ လှူနိုင်စေ
ကိုယ်နှုတ်စိတ်ကြံ မမိုက်မှားနဲ့၊ သုစရိုက်တရားကို ကျင့်ပါလေ
ဆွေမျိုးတွေကို ပြင်ပမထားနဲ့၊ သင်္ဂဟတရားနဲ့ ချီးမြှောက်လေ
သန့်စင်ပြစ်မျိုး လူထုအကျိုး၊ သယ်ပိုးရွက်ဆောင်စေ
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ ။

မကောင်းမှုတွေ ဟူသမျှကို၊ မတွေ့ခင်က ရှောင်ကြဉ်လေ
တွေ့ကြုံလာလျှင် မလွန်ကျူးနဲ့၊ အထူးသဖြင့် စောင့်စည်းနေ
အရက်သေစာ မသောက်စားနဲ့၊ မှောက်မှားတတ်တဲ့ အရာပေ
လုပ်ကိုင်ပြောကြားသတိထား၊ တရားမမေ့စေ
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ ။



အသက်ဂုဏ်ဝါ ကိုယ့်ထက်ကြီးက၊ ဆည်းကပ်ခစား ရှိသေသေ
မာနတံခွန် ဂုဏ်မကြွနဲ့၊ ကိုယ့်ကိုယ်နှိမ့်ချ အမြဲနေ
လောဘအပို လိုမလိုက်နဲ့၊ ကိုယ်ထိုက်တာနဲ့ ကျေနပ်လေ
ကိုယ့်ပေါ်ပြုဖူး သူ့ကျေးဇူး၊ အထူးသိတတ်စေ
ကောင်းကျိုးဆင့်ပွား မြတ်တရား၊ နာကြားမပြတ်ပေ
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ ။

ဝတ်စားနေထိုင် ရန်ခပ်သိမ်း၊ စိတ်ကိုချုပ်ထိန်း သည်းခံလေ
ကျိုးကြောင်းပြည့်နှံ ဆုံးမစကားကို၊ ပြောကြားလာက နာလွယ်စေ
သူမြတ်ပုဂ္ဂိုလ် ဟူသမျှကို၊ မကြာခဏ တွေ့ဆုံလေ
သဘာဝတွေး မှန်ကန်ရေး၊ ဆွေးနွေး မပြတ်ပေ
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ ။

လောကီအာရုံ ဇိမ်ယစ်မူးလို့၊ အပျော်မကြူးနဲ့ မြိုးခြံလေ
မေတ္တာဖြဟ္မစိုရ် လက်ကိုင်သုံးလို့၊ သူမြတ်ကျင့်ထုံး ယှဉ်းမသွေ
လေးပါးသစ္စာ ဉာဏ်မြင်ကြည့်လို့၊ အမှန်သိအောင် ကြိုးစားလေ
ဒုက္ခလွတ်ကင်း နိဗ္ဗာန်ချဉ်း၊ အလင်းပေါက်နိုင်စေ
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ ။



ဆင်းရဲချမ်းသာ သဘာဝ၊ တွေ့ကြုံနေကြ လူတိုင်းပေ
ကောင်းဆိုးနှစ်တန် အစုံတွဲလို့၊ တစ်လဲစီလှည့် အမြဲနေ
လောကဓံကြုံ မဖြုံတမ်းပေါ့၊ မတုန်စမ်းနဲ့ စိတ်ခိုင်စေ
သောကကိုထိန်း ရမ္မက်သိမ်း၊ အေးငြိမ်းချမ်းသာနေ
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ ။

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာကုံးကို၊ လိုက်နာကျင့်သုံး ပန်သူတွေ
စီးပွားချမ်းသာ ကျက်သရေတိုးလို့၊ ကောင်းကျိုးစည်ပွင့် တဝေဝေ
ဘေးကင်းရန်ကွာ ချစ်သူပေါလို့၊ ကိုယ်ရောစိတ်ရော ချမ်းသာမလေ
ပြောဆိုကြံဆ ဆောင်သမျှ၊ အောင်ရမည် ကိန်းသေ
အဲဒါကြောင့် ပန်ကြဆင်ကြ မင်္ဂလာ့ ပန်းခိုင်တွေ ။

သုံးဆယ့်ရှစ်ဖြာ
ဆရာကြီးဒဂုန်ဦးထွန်းမြင့်

# မင်္ဂလာ( ၁ )

ထုတ်ဝေသူ - ဦးကျော်ကျော်ဝေ၊ ရွက်စိမ်းစာပေ၊ (၀၀၄၇)၊ လမ်းမတော်၊ ရန်ကုန်။
ပုံနှိပ်သူ - ဦးစန်းဦး၊ SKCC PRESS (၀၀၄၁၃) မဂိုဆိုင်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဇွန်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊ ရောင်းဈေး ၁၅၀၀ ကျပ်

လူမိုက်တို့နှင့် မပေါင်းဖော်ခြင်းသည်
မြတ်သောမင်္ဂလာမည်၏ ။



# မင်္ဂလာ (၂)

ပညာရှိကို ဆည်းကပ်ခြင်းသည်
မြတ်သောမင်္ဂလာမည်၏ ။



# မင်္ဂလာ(၃)

ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည်
မြတ်သောမင်္ဂလာမည်၏။



# မင်္ဂလာ( ၄ )

သင့်တင့်လျောက်ပတ်သောအရပ်၌ နေရခြင်းသည် မြတ်သောမင်္ဂလာမည်၏ ။



# မင်္ဂလာ(၅)

ရှေးကောင်းမှုကံရှိခြင်းသည်
မြတ်သောမင်္ဂလာမည်၏ ။



# မင်္ဂလာ ( ၆ )

မိမိကိုယ်ကို
ကောင်းစွာစောင့်ထိန်းခြင်းသည်
မြတ်သောမင်္ဂလာမည်၏ ။



# မင်္ဂလာ( ၇ )

အကြားအမြင်များခြင်းသည်
မြတ်သောမင်္ဂလာမည်၏ ။



# မင်္ဂလာ ( ၈ )

လက်မှုစက်မှုပညာတတ်မြောက်ခြင်းသည်
မြတ်သောမင်္ဂလာမည်၏ ။



# မင်္ဂလာ( ၉ )

ရဟန်းကျင့်ဝတ် လူ့ကျင့်ဝတ်ကို စောင့်ထိန်းလိုက်နာခြင်းသည်
မြတ်သောမင်္ဂလာမည်၏ ။



# မင်္ဂလာ (၁၀)

ချိုသာစွာ ပြောဆိုခြင်းသည်
မြတ်သောမင်္ဂလာမည်၏ ။



# မင်္ဂလာ(၁၁)

အမိအဖတို့ကို ကောင်းစွာလုပ်ကျွေးမွေးမြူခြင်းသည် မြတ်သောမင်္ဂလာမည်၏။

